# မိသားစုပြန်လည်ပေါင်းစည်းရေးအမိန့်

# (Family reunification order)

မိဘများအတွက် သတင်းအချက်အလက်

(Information for parents)

**Burmese | မြန်မာ**

**OFFICIAL**

ဤစာရွက်စာတမ်းသည် ဥပဒေအကြံဉာဏ် မဟုတ်ပါ။ သင့်တွင် မေးခွန်းများရှိပါက ရှေ့နေတစ်ဦး၏ အကူအညီကို ရယူရန် အကြံပြုပါသည်။

## အကြောင်းအရာများ


**မိသားစုပြန်လည်ပေါင်းစည်းရေးအမိန့်၏ သက်တမ်း ..... 2**

**သင့်ကလေး နေထိုင်မည့်နေရာ ..... 3**

**သင့်ကလေးကို တွေ့ဆုံခြင်း ..... 3**

**ဝန်ထမ်း၏ လုပ်ဆောင်ချက်များ ..... 4**

**မိသားစုပြန်လည်ပေါင်းစည်းရေးအမိန့် (family reunification order) ကို တရားရုံးက ပြင်ဆင် (ပြောင်းလဲ) သို့မဟုတ် ရုပ်သိမ်း (ပယ်ဖျက်) နိုင်ပါသလား? ..... 4**

**တရားရုံးတွင် ဖြစ်ပေါ်သည့် ဆုံးဖြတ်ချက်ကို သဘောမတူပါက ..... 5**

**ဥပဒေဆိုင်ရာ အကြံဉာဏ်ကို မည်သည့်နေရာတွင် ရယူနိုင်ပါသလဲ? ..... 5**

**ဆက်သွယ်ရန် အချက်အလက်များ ..... 6**


ကလေးသူငယ်များဆိုင်ရာ တရားရုံး (Children's Court) မှ တရားသူကြီးတစ်ဦးက သင့်ကလေးအား **မိသားစုပြန်လည်ပေါင်းစည်းရေးအမိန့် (Family Reunification Order)** အောက်တွင် ထားရှိရန် ချမှတ်လိုက်သည်။ ဤအမိန့်ချမှတ်ရခြင်းမှာ သင့်ကလေး၏ ဘေးကင်းလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအပေါ် ထိခိုက်နိုင်သည့် အခြေအနေများရှိနေပြီး ကာကွယ်စောင့်ရှောက်မှု ပေးရန် လိုအပ်နေသောကြောင့် ဖြစ်ပါသည်။



VICTORIA State Government | Families, Fairness and Housing

ဤအမိန့်အရ အကာအကွယ်ပေးရေးဆိုင်ရာ စိုးရိမ်မှုများကို ဖြေရှင်းရန် သင့်အား ကူညီပေးနေစဉ်အတွင်း သင့်ကလေးအား စောင့်ရှောက်မှုပေးမည်ဖြစ်သည်။ ဤအမိန့်၏ ရည်ရွယ်ချက်မှာ အဆိုပါ စိုးရိမ်ပူပန်မှုများကို ဖြေရှင်းပြီးပါက သင့်ကလေးသည် လုံခြုံစွာ သင့်ထံသို့ ပြန်လည်နေထိုင်နိုင်ရန် ဖြစ်ပါသည်။

ကလေးသူငယ်များဆိုင်ရာတရားရုံး (Children's Court) သည် အမိန့်တွင် လိုက်နာရမည့် စည်းကမ်းချက်များကို ထည့်သွင်းထားနိုင်ပါသည်။ အကယ်၍ ထိုစည်းကမ်းချက်သည် သင်နှင့်သက်ဆိုင်ပါက ၎င်းကို လိုက်နာရမည် ဖြစ်ပါသည်။ သင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်သူ (သင့်ဝန်ထမ်း) က အောက်ပါတို့ကို လုပ်ဆောင်မည်ဖြစ်ပါသည်-

- စည်းကမ်းချက်များကို သင့်အား ရှင်းပြပေးမည်။
- စည်းကမ်းချက်များကို လိုက်နာရန် သင့်အား ကူညီပေးမည်။

ဤအမိန့်အရ Department of Families, Fairness and Housing (department) သည် အောက်ပါအချက်များကို ဆုံးဖြတ်နိုင်သည်-

- သင့်ကလေး နေထိုင်ရမည့်နေရာ၊
- သင့်ကလေးနှင့်အတူ နေထိုင်မည့်သူ၊
- သင့်ကလေး၏ နေ့စဉ်လုပ်ဆောင်ရမည့် လှုပ်ရှားမှုများ ပါဝင်ပါသည်။

ဌာနနှင့် ပြုစုစောင့်ရှောက်သူများသည် သင့်ကလေး၏ နေ့စဉ်နှင့် ရေတိုဆုံးဖြတ်ချက်များကို ချမှတ်နိုင်မည် ဖြစ်ပါသည်။ သို့သော် အောက်ပါအခြေအနေများမှအပ ရေရှည်အရေးကြီးသော ကိစ္စရပ်များနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များကို သင့်သဘောတူညီချက်မပါဘဲ မချမှတ်နိုင်ပါ -

- ၎င်းအခြေအနေများမှာ ဥပဒေအရ ခွင့်ပြုထားသည့် သင့်ကလေး၏ကျန်းမာရေးဆိုင်ရာ အချို့ဆုံးဖြတ်ချက်များ၊
- အမိန့်တွင်ပါရှိသည့် စည်းကမ်းချက်များနှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်များ စသည်တို့ဖြစ်သည်။

ရေရှည်အရေးကြီးသော ကိစ္စရပ်များတွင် သင့်ကလေး မည်သည့်ကျောင်းသို့ တက်ရောက်မည် သို့မဟုတ် ၎င်း၏ ယဉ်ကျေးမှုဆိုင်ရာ ပြုစုပျိုးထောင်မှုကိုဆိုလိုပါသည်။

# မိသားစုပြန်လည်ပေါင်းစည်းရေးအမိန့်၏ သက်တမ်း

မိသားစုပြန်လည်ပေါင်းစည်းရေးအမိန့်သည် တရားသူကြီး (Magistrate) က အမိန့်တွင် ရေးသားထားသော ရက်စွဲအထိ အကျုံးဝင်ပါသည်။

မိသားစုပြန်လည်ပေါင်းစည်းရေးအမိန့် သက်တမ်းကုန်ဆုံးရန် နီးကပ်လာသောအခါ တရားရုံးသည် အမိန့်ကို တစ်ကြိမ်လျှင် အများဆုံး (၁၂) လအထိ သက်တမ်းတိုးနိုင်ပါသည်။ တရားရုံးသည် သင့်ကလေး၏ အကောင်းဆုံးအကျိုးစီးပွားအတွက် ဖြစ်မှသာ ထိုအမိန့်ကို သက်တမ်းတိုးမည် ဖြစ်ပါသည်။

တရားရုံးသည် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားမည် ဖြစ်ပါသည်-

- ယခင်က သက်တမ်းတိုးထားခြင်း ရှိ/မရှိနှင့် ထိုသက်တမ်းတိုးခြင်းကာလ မည်မျှရှိကြောင်း၊
- သင်သည် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ စိုးရိမ်ပူပန်မှုများကို ဖြေရှင်းနိုင်ရန် လိုအပ်သည့် အကူအညီများကို ရယူရန် ကြိုးစားခဲ့ခြင်း ရှိ/မရှိ၊
- သင့်ထိန်းချုပ်နိုင်စွမ်းအပြင်ဘက်ရှိ အခြားအခက်အခဲများကြောင့် သင့်ကလေးအတွက် ပြုစုစောင့်ရှောက်မှုအပေါ် သက်ရောက်မှုရှိခဲ့ခြင်း ရှိ/မရှိ တရားရုံးက စဉ်းစားပါမည်။

# သင့်ကလေး နေထိုင်မည့်နေရာ

တရားရုံးက ဆုံးဖြတ်ချက်ချနေစဉ်အတွင်း သင့်ကလေးသည် စောင့်ရှောက်မှုအောက်တွင် နေထိုင်ရပါက ၎င်းတို့ရှိနေသောနေရာတွင် ဆက်လက်နေထိုင်နိုင်ပါသည်။

သင့်ကလေး နေရာပြောင်းရွှေ့ရန် လိုအပ်ပါက ဌာနသည် သင့်မိသားစုဝင် တစ်ဦးဦး သို့မဟုတ် ၎င်းတို့သိရှိသော သူတစ်ဦးဦးနှင့်အတူ နေထိုင်ရန် ကြိုးစားစီစဉ်ပေးမည်ဖြစ်သည်။ ထိုသို့မဖြစ်နိုင်ပါက ၎င်းတို့သည် မွေးစားစောင့်ရှောက်သူ (foster carer) နှင့်အတူ သို့မဟုတ် သင့်ကို လာရောက်စောင့်ရှောက်ပေးမည့်သူများ ရှိသော အိမ် သို့မဟုတ် တိုက်ခန်းတစ်ခုတွင် နေထိုင်ရနိုင်ပါသည်။

ဌာနက သင့်လျော်ကြောင်း အကဲဖြတ်ထားသော သူတစ်ဦးဦးနှင့်သာ ၎င်းတို့ နေထိုင်နိုင်ပါသည်။

သင့်ကလေးများထဲမှ တစ်ဦးထက်ပို၍ စောင့်ရှောက်မှုအောက်တွင် ရှိပါက ဌာနသည် ၎င်းတို့ကို အတူတကွ ထားရှိရန် ကြိုးစားမည် ဖြစ်ပါသည်။

# သင့်ကလေးကို တွေ့ဆုံခြင်း

သင့်ကလေးနှင့် အဆက်အသွယ်ရှိနေခြင်းသည် သင့်ကလေးအတွက် အလွန်အရေးကြီးပါသည်။ အမိန့်တွင် သင်နှင့် သင့်ကလေးအကြား ဆက်သွယ်မှုအကြိမ်ရေ ပါဝင်နိုင်သည်။

ဆက်သွယ်ရန်အစီအစဉ်များကို သင့်ဝန်ထမ်းနှင့် ပြုလုပ်နိုင်ပါသည်။ ဤအစီအစဉ်များကို ထိန်းသိမ်းရာတွင် အခက်အခဲတစ်စုံတစ်ရာရှိပါက ဝန်ထမ်းနှင့် ဆွေးနွေးပြီး အစီအစဉ်အသစ်များ ပြုလုပ်နိုင်ပါသည်။

# ဝန်ထမ်း၏ လုပ်ဆောင်ချက်များ

ဝန်ထမ်းသည်-

- တရားရုံးက အမိန့်ချမှတ်ရန် ဖြစ်စေခဲ့သော အကာအကွယ်ပေးရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကို သင့်နှင့် ဆွေးနွေးမည်၊
- သင်နှင့် သင့်မိသားစုနှင့်အတူ အမှုစီမံချက် (case plan) ကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် ပူးပေါင်းဆောင်ရွက်မည်၊
- အမှုစီမံချက်ကို အခါအားလျော်စွာ ပြန်လည်သုံးသပ်မည်ဖြစ်ပြီး ထိုလုပ်ငန်းစဉ်တွင် သင့်ကိုလည်း ပါဝင်စေမည်၊
- အမှုစီမံချက်၏ ရည်မှန်းချက်များ အောင်မြင်နေမှုအခြေအနေကို သုံးသပ်မည်၊
- သင့်ကလေး ဘေးကင်းလုံခြုံစွာ အိမ်ပြန်နိုင်ရန် လိုအပ်သော ပြောင်းလဲမှုများကို သင်နှင့် သင့်ကလေးနှင့်အတူ ဆွေးနွေးမည်၊
- သင့်ကလေး ဘေးကင်းလုံခြုံစွာ အိမ်ပြန်နိုင်ရန် လိုအပ်သည့် အထောက်အပံ့များနှင့် ဝန်ဆောင်မှုများအကြောင်း ဆွေးနွေးမည်၊
- သင်ပြုလုပ်လိုသော ပြောင်းလဲမှုများတွင် သင့်အား ကူညီပေးမည်ဖြစ်ပြီး သင့်အား ကူညီပေးရန် အထူးပြုဝန်ဆောင်မှုများကို ရှာဖွေပေးမည်၊
- ဤအမိန့်တွင် စည်းကမ်းချက်အဖြစ် ပါရှိပါက အရက်နှင့် မူးယစ်ဆေးဝါးဆိုင်ရာ အထူးပြုဝန်ဆောင်မှုများထံ သင့်အချက်အလက်များကို ပေးပို့မည်ဖြစ်သည်။

# မိသားစုပြန်လည်ပေါင်းစည်းရေးအမိန့် (family reunification order) ကို တရားရုံးက ပြင်ဆင် (ပြောင်းလဲ) သို့မဟုတ် ရုပ်သိမ်း (ပယ်ဖျက်) နိုင်ပါသလား?

အမိန့်တွင်ပါရှိသော စည်းကမ်းချက်များကို ပြင်ဆင်ရန် (ပြောင်းလဲရန်) လျှောက်ထားမှုကို သင်၊ သင့်ကလေး သို့မဟုတ် ဝန်ထမ်းက ပြုလုပ်နိုင်ပါသည်။

အခြေအနေပြောင်းလဲသွားပြီး သင့်ကလေးသည် အန္တရာယ်မရှိတော့ပါက တရားရုံးသည် အမိန့်ကို ရုပ်သိမ်း (ပယ်ဖျက်) နိုင်သည်။ သင်၊ သင့်ကလေး သို့မဟုတ် ဝန်ထမ်းလည်း ယင်းအတွက် လျှောက်ထားနိုင်ပါသည်။

သင့်ကလေး၏ အကောင်းဆုံးအကျိုးစီးပွားအတွက်ဖြစ်ပါက ဌာနသည် သင့်အား သင့်ကလေးကို ပြန်လည်စောင့်ရှောက်ရန် ညွှန်ကြားနိုင်ပါသည်။ ထိုအမိန့်သည် မိသားစုထိန်းသိမ်းစောင့်ရှောက်ရေးအမိန့်

(family preservation order) အဖြစ် ပြောင်းလဲသွားမည်ဖြစ်သည်။ ဤသို့ဖြစ်နိုင်ရန် အောက်ပါအခြေအနေများ ရှိရမည်-

- အမိန့်သက်တမ်း မကုန်ဆုံးမီ လုံလောက်သော အချိန်ကျန်ရှိရမည်။
- သင့်ကလေးအတွက် အခြားတရားရုံး လျှောက်ထားမှုများမရှိရပါ။

သင့်စောင့်ရှောက်မှုအောက်သို့ ပြန်လည်ရောက်ရှိရန် ကြိုးစားခြင်းသည် သင့်ကလေး၏ အကောင်းဆုံးအကျိုးစီးပွားအတွက် မဟုတ်တော့ပါက ဌာနသည် အခြားအမိန့်တစ်ရပ်အတွက် တရားရုံးသို့ လျှောက်ထားနိုင်ပါသည်။ တရားရုံးက သဘောတူပါက ဌာနသည် သင့်ကလေး အရွယ်ရောက်သည်အထိ ပြုစုစောင့်ရှောက်ရန် အခြားသူတစ်ဦးကို စီစဉ်ပေးမည် ဖြစ်သည်။

# တရားရုံးတွင် ဖြစ်ပေါ်သည့် ဆုံးဖြတ်ချက်ကို သဘောမတူပါက

ကလေးများဆိုင်ရာ တရားရုံး (Children's Court) မှ တရားသူကြီးတစ်ဦး ချမှတ်သော ဆုံးဖြတ်ချက်ကို သင်သဘောမတူပါက ထိုဆုံးဖြတ်ချက်ကို အမြင့်ဆုံးတရားရုံး (Supreme Court) သို့ အယူခံဝင်ရန် သင့်တွင် အခွင့်အရေးရှိပါသည်။ ကလေးသူငယ်များဆိုင်ရာ တရားရုံးက အမိန့်ချမှတ်ပြီးနောက် (၂၈) ရက်အတွင်း အယူခံဝင်ရမည် ဖြစ်ပါသည်။

အယူခံလျှောက်လွှာပုံစံများကို အောက်ပါနေရာများတွင် ရယူနိုင်ပါသည်-

- မည်သည့် ကလေးသူငယ်များဆိုင်ရာတရားရုံး (Children's Court) မဆို
- မည်သည့် တရားသူကြီးတရားရုံး (Magistrate's Court) မဆို
- ခရိုင်တရားရုံး (County Court) စသည့်နေရာများတွင် ရယူနိုင်ပါသည်။

ကလေးသူငယ်များဆိုင်ရာတရားရုံး (Children's Court) ၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ရန် ဆုံးဖြတ်ပါက ရှေ့နေတစ်ဦး၏ အကူအညီကို ရယူခြင်းသည် အကောင်းဆုံးဖြစ်သည်။

# ဥပဒေဆိုင်ရာ အကြံဉာဏ်ကို မည်သည့်နေရာတွင် ရယူနိုင်ပါသလဲ?

ဥပဒေဆိုင်ရာ အကူအညီနှင့်ပတ်သက်သည့် စုံစမ်းမေးမြန်းမှုများကို အောက်ပါတို့ထံ ဆက်သွယ်နိုင်ပါသည်-

- တရားရုံးတွင် သင့်ကို ကိုယ်စားပြုခဲ့သော ရှေ့နေ
- ဒေသခံရှေ့နေ (Yellow Pages ရှိ 'Solicitors' အောက်တွင်ဖော်ပြထားသည်)
- Victoria Legal Aid, Melbourne, ဖုန်း 1300 792 387
- Law Institute of Victoria, ဖုန်း (03) 9607 9311
- Victorian Aboriginal Legal Service Co-op Ltd, ဖုန်း 1800 064 865
- Djirra, ဖုန်း 1800 105 303
- ဒေသခံ community legal service စသည်တို့ဖြစ်သည်။

# ဆက်သွယ်ရန် အချက်အလက်များ

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်း၏ အမည်- ____________________________________

၎င်းတို့၏ ဆက်သွယ်ရန် ဖုန်းနံပါတ်- ___________________________

၎င်းတို့၏ Department of Department of Families, Fairness and Housing ရုံး -

________________________________________________

ပိုမိုသိရှိလိုပါက သင့်ဒေသရှိ Department of Families, Fairness and Housing ရုံးကို ဆက်သွယ်နိုင်ပါသည်။

ဤစာရွက်စာတမ်းကို အခြားပုံစံဖြင့် ရယူရန် CpManual@dffh.vic.gov.au သို့ အီးမေးလ်ပေးပို့ပါ။

Victorian Government, 1 Treasury Place, Melbourne ၏ ခွင့်ပြုချက်ဖြင့် ထုတ်ဝေပါသည်။

© State of Victoria, Australia, Department of Families, Fairness and Housing, May 2026.

ISBN 978-1-76171-132-9 (pdf/online/MS word)

Available at Child Protection Manual – Family Reunification Order

https://www.cpmanual.vic.gov.au/advice-and-protocols/information-sheets/orders/family-reunification-order

2604564